# ကုသရေးလုပ်ငန်းများ

ကုသရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ အဆင့်ဆင့်သော ဆေးရုံ၊ ဆေးခန်းများမှ ဆောင်ရွက်ပေးလျက် ရှိရာတွင် မြို့မဒေသများအတွက် အထွေထွေရောဂါကုဆေးရုံ၊ အထူးကုဆေးရုံ၊ သင်ကြားရေး ဆေးရုံ၊ ပြည်နယ်/တိုင်းဆေးရုံ၊ ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံ တို့မှလည်းကောင်း၊ ကျေးလက်ဒေသများအတွက် တိုက်နယ် ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲတို့မှ ဆောင်ရွက်ပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ တွင် ဆေးရုံပေါင်း ၈၂၆ ရုံ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ၁၄၅၆ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၈၆ ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၃၄၈ ခု၊ ကျောင်း ကျန်းမာရေးဌာန ၈၀ ခု၊ ဆေးပေးခန်း ၄၄၂ ခု၊ မူးယစ်ဆေးကု ဌာန ၆၆ ခုနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး ဌာန ၃ခု တို့ဖြင့် ပြည်သူလူထု အတွက် ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါ သည်။

၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံများသည် အခြေခံ ဆေးကုသမှုပေးသည့် ဌာနများဖြစ်ပြီး ၄င်းတွင် ဆေးဝါး ကုသမှု၊ ခွဲစိတ်ကုသမှုနှင့် သားဖွားမှုဆိုင်ရာ ကုသပေးမှုများ အတွက် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိပါသည်။ ကျေးလက်နေ ပြည်သူလူထုအနေဖြင့် တိုက်နယ်ဆေးရုံများ တွင်သာမက ၄င်းတိုက်နယ်ဆေးရုံမှ ကီလိုမီတာ ၁၀မှ ၂၀ အကွာအဝေးတွင်ရှိသော မြို့နယ်ဆေးရုံ (၁၆ခုတင်/ ၂၅ခုတင်/ ၅၀ ခုတင်ဆံ့ဆေးရုံ)များတွင်လည်း တက်ရောက် ကုသမှုခံယူနိုင်ပါသည်။ မြို့နယ်ဆေးရုံများသည် ဓာတ်ခွဲ စစ်ဆေးခြင်း၊ သွားရောဂါကုသခြင်း၊ ခွဲစိတ်ကုသခြင်းများကို ပိုမို ဆောင်ရွက်ပေးနိုင်သည့်အပြင် အဆင့်မြင့် ကုသမှု လိုအပ်နေသော လူနာများကို ညွှန်းပို့နိုင်သည့် အခြေခံ ညွှန်းပို့ဆေးရုံဖြစ်ပါသည်။ အထူးကုဆရာဝန်များ၏ကုသမှု ကို ခရိုင်ဆေးရုံများနှင့် အချို့ ခုတင် ၅၀ဆံ့ မြို့နယ်ဆေးရုံ များတွင် ရရှိနိုင်ပါသည်။ ၄င်းဆေးရုံများ၌ အထူးကြပ်မတ် ကုသဆောင်များဖြင့် လူနာများ၏ အသက်ကို ကယ်ဆယ် ကုသပေးလျက် ရှိပါသည်။ ပိုမိုအဆင့်မြင့်သော ကုသပေးမှု များကို ပြည်နယ်နှင့်တိုင်းဆေးရုံများ၊ အထွေထွေ ရောဂါကု ဆေးရုံများနှင့် သင်ကြားရေး ဆေးရုံများမှ ဆောင်ရွက်ပေး လျက်ရှိပါသည်။




***ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများ***

ပြည်နယ်နှင့်တိုင်းများတွင် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန်အတွက် ဆေးရုံများ၏ အရည်အသွေးမြှင့်တင်ခြင်းစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ဝေးလံဒေသရှိ တိုင်းရင်းသားပြည်သူများအတွက် ဆေးရုံအသစ်များကိုလည်း တည်ဆောက် ပေးလျက်ရှိပါသည်။ လူဦးရေ သိပ်သည်းသော အထူးသဖြင့် စီးပွားရေးတိုးတက်ကောင်းမွန်သော ခရိုင်များတွင် ဆေးရုံအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ၂၀၀၆ ခုနှစ်၊ မတ်လကုန်တွင် ဆေးရုံ စုစုပေါင်း (၈၂၆) ရုံ၊ ခွင့်ပြုခုတင်ပေါင်းမှာ (၃၄၃၈၅) အထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း တိုးတက်လာပါသည်။ ဗဟိုအဆင့်ဆေးရုံ၊ သင်ကြားရေး ဆေးရုံများနှင့် ပြည်နယ်/တိုင်းဆေးရုံများတွင် ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများကိုလည်း တပ်ဆင်ပေးခဲ့ပါသည်။

ခေတ်မီတိုးတက်သော နည်းပညာရပ်များနှင့် ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းကိရိယာများ၊ အရည်အချင်း ပြည့်ဝသော ဆေးနှင့် ကျန်းမာရေးပညာရှင်များ ပြည့်စုံစွာ ဖြည့်တင်းပြီးဖြစ်၍ မြန်မာပညာရှင်များအနေဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသခြင်း၊ နှလုံးရပ်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောပိုက်ထည့်ကုသပေးခြင်း၊ နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်း၊ ထိခိုက်ဒဏ်ရာရ၍ ပြတ်တောက်သွားသည့်လက်ကို အဏုစိတ်ခွဲစိတ်ကုသမှုပြုလုပ်၍ အောင်မြင်စွာ ပြန်ဆက်ပေးနိုင်ခဲ့ခြင်း စသည့် ခက်ခဲသော ခွဲစိတ်ကုသခြင်းများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။






နယ်စပ်ဒေသမှ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ဆေးရုံပေါင်း (၇၉) ရုံ၊ ဆေးခန်းပေါင်း (၁၀၅) ခန်း၊ ကျေးလက်ကျန်းမာရေးဌာန (၅၈) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၄၀) ခု တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသား ပြည်သူများအား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိပါသည်။

ဆေးရုံအားလုံးနီးပါးတွင် ပြည်သူလူထုနှင့် စေတနာရှင်ပြည်သူများမှ ဆေးရုံသုံးပစ္စည်းများ ပံ့ပိုးခြင်း၊ လှူဒါန်းခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကြပါသည်။ ထို့အပြင် ဒေသခံပြည်သူလူထုများမှလည်း ဆေးရုံ၏လိုအပ်ချက်များအတွက် ငွေကြေးများထည့်ဝင်လှူဒါန်းကြပါသည်။ ချို့တဲ့နွမ်းပါးသူများအနေဖြင့် ဆေးပဒေသာပင်ရန်ပုံငွေ၊ စရိတ်မျှပေးကျန်းမာရေးစနစ်များရှိသောကြောင့် လိုအပ်သောဆေးဝါးကုသမှုကို ခံယူနိုင်ကြပါသည်။

ဤသို့ ကုသရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာသကဲ့သို့ သူနာပြုလုပ်ငန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုစွမ်းရည်၊ လူနာပြုစုကုသမှုစွမ်းရည်နှင့် ကွင်းဆင်းဆောင်ရွက်ခြင်းစွမ်းရည်များလည်း တိုးတက်မြင့်မားလျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာသူနာပြုကောင်စီနှင့် ကျန်းမာရေးဦးစီးဌာန၊ သူနာပြုဌာနခွဲတို့ပူးပေါင်း၍ သူနာပြုများ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သင်တန်းများပို့ချပေးလျက်ရှိပါသည်။